# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး
## အဋ္ဌမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃.၆၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၂၉-၁၁-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာဒွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် တက်ရောက်ရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးဝင်းကြိုင်၊ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၆)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ရှိ စက္ကူစက်ရုံ (စစ်တောင်း) အား ၂၀၁၃ ခုနှစ်တွင် Industrial Complex အနေဖြင့် စက်မှုဇုန် (၁)(၂)(၃)အဖြစ် ထူထောင်ရန် ရွှေသံလွင်ကုမ္ပဏီလီမိတက်၏ တင်ပြချက် အရ ၂၀၁၁ ခုနှစ်၌ စာချုပ်ဖြင့် ငှားရမ်းခဲ့ခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ရှိ စက္ကူစက်ရုံ (စစ်တောင်း)အား ၂၀၁၃ ခုနှစ်တွင် Industrial Complex အနေဖြင့် စက်မှုဇုန်(၁)(၂)(၃)အဖြစ်ထူထောင်ရန် ရွှေသံလွင်ကုမ္ပဏီလီမိတက်၏ တင်ပြချက် အရ ၂၀၁၁ ခုနှစ်၌ စာချုပ်ဖြင့် ငှားရမ်းခဲ့ခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ် ကျေးရွာရှိ စစ်တောင်းစက္ကူစက်ရုံကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ(၉)လပိုင်းမှစပြီးတော့ တစ်နှစ်ငှားရမ်းခ ငွေကျပ်(၂၁၆)သန်းနဲ့ စက္ကူထုတ်ဖို့(၁၀)နှစ်အတွက် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီကို စာချုပ် ချုပ်ဆို ငှားရမ်းခဲ့ပါတယ်။ အရှုံးမခံနိုင်တော့လို့ ပြန်အပ်လိုကြောင်း (၄)လအကြာ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလနဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလများတွင် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက (၂)ကြိမ်စာဖြင့်တင်ပြခဲ့တဲ့အတွက် စက်မှုဝန်ကြီးဌာနက တာဝန်ရှိသူများအား ငှားရမ်းမယ့်သူအသစ်ကို ရှာဖွေရန် ညွှန်ကြားခဲ့လို့ ရှာဖွေ

နေဆဲကာလမှာပဲ ၂၀၁၂ ခုနှစ်၊ ဧပြီလကုန်တွင် အပြီးပြန်အပ်လိုကြောင်း (၃)ကြိမ်မြောက်စာဖြင့် တင်ပြခဲ့ပါတယ်။ ငှားရမ်းမယ့်သူအသစ် ရှာဖွေရာမှ ရှင်စောင်းကုမ္ပဏီနဲ့ အဆက်အသွယ်ရပြီး ၎င်းကုမ္ပဏီက (၁)နှစ် ငှားရမ်းခငွေ ကျပ်သန်း(၄၅၀)နဲ့ ရွှေသံလွင်ကုမ္ပဏီပေးတဲ့ ငှားရမ်းခ(၂)ဆကျော်နဲ့ပေါ့နော်။ အထည်ချုပ်စက်ရုံလုပ်ခွင့် ညှိနှိုင်းခဲ့ပါတယ်။ အထည်ချုပ်စက်ရုံ လုပ်ခွင့်ရပါက ဒေသခံ(၅၀၀၀)ခန့်လည်း အလုပ်ရမယ့်အခြေအနေကို ဆွေးနွေးညှိနှိုင်းနေစဉ်မှာပဲ ရွှေသံလွင်ကုမ္ပဏီက စက်ရုံကို Industrial Complex အဖြစ် စက်မှုဇုန် (၁)(၂)(၃) တည်ဆောက်ရန် ရည်မှန်းထားကြောင်း ပြန်အပ်မှုကို ရုပ်သိမ်းကြောင်း ၂၀၁၁ ခုနှစ်၊ မေလမှာ စာဖြင့် တင်ပြလာပြန်ပါတယ်။ ဒါကြောင့် ရွှေသံလွင်ကုမ္ပဏီကို (၁)နှစ်ငှားရမ်းခငွေ ကျပ်(၂၁၆)သန်းတည်းနဲ့ပဲ ဆက်ငှားရမ်းခဲ့ပါတယ်။ စက်ရုံကြီးရဲ့ အဓိက အဆောက်အဦများ ပျောက်ကွယ်သွားသော်လည်းပဲ (၄)နှစ်ကျော်ကြာကာလ ယနေ့အထိ မည်သည့် စက်မှုဇုန်မှ တည်ဆောက်နိုင်ခြင်းမရှိသေးဘဲ စစ်တောင်းစက်မှ ကျွမ်းကျင်လုပ်သားများရဲ့ လုပ်အားနဲ့ နိုင်ငံ့အတွက် ကုန်ထုတ်မှု ဆုံးရှုံးနစ်နာနေရပါတယ်လို့ ဝန်ထမ်းများက တင်ပြလာပါတယ်။ မည်သည့်အတွက်ကြောင့် ဤမျှကြာမြင့်သည်အထိ စက်မှုဇုန်အဖြစ် အကောင်အထည်မဖော်နိုင်သေးကြောင်း သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်ပြီးတော့တင်ပြမှာကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားပါတယ်။ ရွှေသံလွင်ကုမ္ပဏီက ငှားရမ်းစဉ် ၂၀၁၁ ခုနှစ်က စက်ရုံရဲ့ အခြေအနေကို Slide (၁)မှာမြင်ရတဲ့အတိုင်း ဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၆ ခုနှစ်၊ စက်ရုံကြီးရဲ့ လက်ရှိအခြေအနေကတော့ Slide (၂)မှာ တွေ့မြင်ရသလိုဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ မွန်ပြည်နယ်အစိုးရက စက်ရုံကြီးအပိုင် မြေများမှအပ စက်ရုံပိုင်အရာ အားလုံးနီးပါးကို ရွှေသံလွင်ကုမ္ပဏီကို Book Value နဲ့ရောင်းချခဲ့ရာမှာ မြေကို နှစ်(၃၀)ငှားရမ်းလိုက်လို့ ကာလပေါက်ဈေးနဲ့တွက်ရင် မြေဧကပေါင်း (၆၉၈)ဧကအတွက် ကျပ်သိန်းပေါင်း (၂,၂၃၃၀)ခန့်၊ Slide(၃)နဲ့(၄)မှာ မြင်ရတဲ့ အနိမ့်ဆုံးတန်ဖိုးကျပ်သိန်းပေါင်း(၉၉၄၀)တန်ဖိုးရှိတဲ့ ဝန်ထမ်းအိမ်ရာ(၉၉၄)ခန်းကို ကျပ်(၁၆.၈)သိန်းနဲ့ပေးလိုက်လို့ ကျပ်သိန်းပေါင်း (၉,၉၂၃.၂)သိန်းခန့်၊ Slide (၅)နဲ့(၆)မှာမြင်ရတဲ့ ကျပ်သိန်း(၃၀၀၀)ကျော်တန် နိုင်ငံတော်အဆင့် အခန်း(၄၀)ပါ ဧည့်ရိပ်သာကို (၄၄)သိန်းနဲ့ပေးလိုက်တဲ့အတွက် ကျပ်သိန်းပေါင်း(၂၉၅၆)သိန်းခန့်၊ Slide (၇)မှာမြင်ရတဲ့ ကျပ်သိန်း (၁၀၀၀)ကျော်တန် မြို့နယ်အဆင့် မိုးလုံလေလုံ အားကစားရုံကို တန်ဖိုးမဲ့ပေးလိုက်လို့ ကျပ်သိန်း (၁၀၀၀)ကျော်ခန့်၊ Slide (၈)မှာမြင်ရတဲ့ ကျပ်သိန်း(၁၀၀၀)ကျော်တန် ခွဲစိတ်ဆောင်၊ သံဃာဆောင်ပါ ခုတင်(၄၀)ဆေးရုံကို တန်ဖိုးမဲ့ပေးလိုက်လို့ ကျပ်သိန်း(၁၀၀၀)ခန့်၊ စက်ရုံကြီးရဲ့ စက်ပစ္စည်းများနဲ့ မြေပြင် အဆောက်အဦများအတွက် ကျပ် သိန်းပေါင်း(၇,၃၄၀၄)ခန့်၊ စုစုပေါင်းကျပ်သိန်းပေါင်း (၁,၆၀,၆၀၀) ကျော်၊ ကျပ် ဘီလီယံ(၁၁)ဘီလီယံကျော် နစ်နာခဲ့မှုများနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရက ပြန်လည်သုံးသပ်ရန် အစီအစဉ်ရှိ/မရှိ ဒေသခံများနဲ့ စက်ရုံဝန်ထမ်းများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ်၊ စက္ကူစက်ရုံကို ရွှေသံလွင်ကုမ္ပဏီက လွှဲယူစဉ်မှာ ဝန်ထမ်းပေါင်း (၁၀၇၆)ဦးဟာ စက်ရုံပိုင်အိမ်ရာများတွင် နေထိုင်လျက်ရှိခဲ့ပါတယ်။ မျိုးဆက် (၃)ဆက်ခန့် စဉ်ဆက်မပြတ်လုပ်ကိုင်ခဲ့ပြီး စက်ရုံကြီးမရှိတော့သော်လည်းဘဲ ဝန်ထမ်းမိသားစုများဟာ ထိုအိမ်ရာများတွင် ဆက်လက်နေထိုင်ဆဲဖြစ်ပါတယ်။ ယခုလိုအခြေအနေမှာ ဝန်ထမ်းများဟာ နေစရာ

အတွက် ပူပင်သောကရောက်နေကြပါတယ်။ ဒါကြောင့် ၎င်းအိမ်ရာများမှာ စက်ရုံဝန်ထမ်းများအား ဆက်လက်ငှားရမ်းနေထိုင်ခွင့်ပြုရန် သို့မဟုတ် သင့်လျော်တဲ့နှုန်းထားဖြင့် ရောင်းချပေးရန် အစီအစဉ် ရှိ/မရှိ စက်ရုံဝန်ထမ်းများနဲ့ အငြိမ်းစားဝန်ထမ်းများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

စစ်တောင်းစက္ကူစက်ရုံ မဖျက်သိမ်းမီ ပုံများမြင်ကွင်း (၄)




စစ်တောင်းစက္ကူစက်ရုံ ဖျက်သိမ်းပြီး ပုံများမြင်ကွင်း (၄-၁)



အိမ်ခန်းတစ်ခန်းလျှင် ၁၇၀၀/-(တစ်ထောင့်ခုနစ်ရာကျပ်)ဖြင့်သာ ရွှေသံလွင်ကုမ္ပဏီသို့ လွှဲပြောင်းပေးခဲ့သည့် (၁၂၀ ဧက) ကျယ်ဝန်းသော ပတ္တမြားရပ်ကွက်ရှိ အိမ်ရာများ မြင်ကွင်းပုံ (၄-၂)




**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ကြိုဆို နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာ မွန်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ရှိ စက္ကူစက်ရုံ(စစ်တောင်း)အား ၂၀၁၃ ခုနှစ်တွင် Industrial Complex အနေဖြင့် စက်မှုဇုန် (၁)(၂)(၃)အဖြစ်ထူထောင်ရန် ရွှေသံလွင်ကုမ္ပဏီလီမိတက်၏တင်ပြချက်အရ ၂၀၁၁ ခုနှစ်ကတည်းက စာချုပ်ဖြင့် ငှားရမ်းခဲ့ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနမှ မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော မေးခွန်း(၁)နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း (ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း) ကြီးကြပ်မှုအောက်ရှိ စက္ကူစက်ရုံ(စစ်တောင်း)ကို ၁-၉-၂၀၁၁ ရက်နေ့တွင်ကျင်းပသည့် ယခင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၁)၏ သဘောတူညီချက်အရ ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်သို့ ၁-၉-၂၀၁၁ ရက်နေ့မှစတင်ပြီးတော့ တစ်နှစ်လျှင် ငှားရမ်းခငွေကျပ် (၂၁၆)သန်းဖြင့် (၁၀)နှစ်စာချုပ် ချုပ်ဆိုငှားရမ်းခဲ့ပါတယ်။ ထိုသို့ ငှားရမ်းခဲ့သော်လည်း အဆိုပါစက်ရုံရှိ စက်ပစ္စည်းများမှာ သက်တမ်း(၆၀)နှစ်ခန့် ကြာမြင့်ခဲ့ပြီး အိုဟောင်းနေပြီဖြစ်၍ ထုတ်ကုန်အရည်အသွေး

ကျဆင်းလာခြင်း၊ စက်များ၏အရည်အသွေးကြောင့် သွင်းအားစုကုန်ကြမ်းများ ပိုမိုသုံးစွဲလာရခြင်း၊ သဘာဝဓာတ်ငွေ့များ ဈေးနှုန်းတိုးမြင့်လာခြင်းနဲ့ လျှပ်စစ်ဓာတ်အားခများ တိုးမြင့်လာခြင်းတို့ကြောင့် ကုမ္ပဏီအနေဖြင့် အရှုံးဖြစ်ပေါ်လာခဲ့ရာ ၁-၄-၂၀၁၂ ရက်နေ့မှစ၍ ကုန်ထုတ်လုပ်မှုများလုံးဝရပ်ဆိုင်းခဲ့ပြီး စက်ရုံအား Industrial Complex အသွင်ဖြင့် ဆက်လက် ဆောင်ရွက်ခွင့်ပြုပါရန် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် ညွှန်ကြားထားခဲ့ပါတယ်။

Industrial Complex အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ရွှေသံလွင် ဟိုင်းဝေး ကုမ္ပဏီလီမိတက်နှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့တို့ ဆက်လက် ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ စက်ရုံမြေ(၉၂၆) ဧကနှင့် ကုန်ကြမ်းမြေ (၉,၆၃၀) ဧကတို့အား ၂၈-၈-၂၀၁၄ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁၇/၂၀၁၄)၏ခွင့်ပြုချက်အရ စက်မှုဝန်ကြီးဌာနမှ ၁၉-၉-၂၀၁၄ ရက်နေ့တွင် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ပြန်လည်အပ်နှံခဲ့ရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှ စက်ရုံမြေ (၉၂၆) ဧကအား နိုင်ငံတော်ရဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် ၄-၁၂-၂၀၁၄ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၆၂/၂၀၁၄)ဖြင့်လည်းကောင်း၊ ကုန်ကြမ်းမြေ (၉,၆၃၀)ဧကအား နိုင်ငံတော်ရဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် ၄-၁၂-၂၀၁၄ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်(၂၃၉/၂၀၁၄)ဖြင့်လည်းကောင်း ထုတ်ပြန်ခဲ့ပြီး မွန်ပြည်နယ် အစိုးရအဖွဲ့သို့ လွှဲပြောင်း ပေးအပ်ခဲ့ပါတယ်။

စက်ရုံမြေဧရိယာ (၉၂၆)ဧကအနက် မြေဧရိယာ(၆၉၈.၄၂)ဧကအား ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်အနေဖြင့် စက်ရုံစုများ ဖော်ထုတ်ရန်အတွက် ၂၂-၃-၂၀၁၅ ရက်နေ့မှစ၍ စက်မှု စီးပွားရေး မြေငှားရမ်း ဂရန်လျှောက်ထားခဲ့ရာ ၁၀-၉-၂၀၁၅ ရက်နေ့မှ ၉-၉-၂၀၄၅ အထိ တစ်နှစ်လျှင် မြေငှားရမ်းခငွေကျပ် (၄၁,၉၀၅,၂၀၀)စည်းကြပ်ပြီး နိုင်ငံတော်မှ နှစ်(၃၀)မြေငှားစာချုပ် ခွင့်ပြုထားခဲ့ ပါတယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ အမှတ်(၂) မေးခွန်းနှင့် ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း ရှင်းလင်းဖြေကြားသွားပါမယ်။ ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီအနေဖြင့် ဖော်ပြပါမြေနေရာများတွင် စက်မှုနယ်မြေတည်ထောင်သွားနိုင်ရန်အတွက်လည်းကောင်း၊ စက်မှုဝန်ကြီး ဌာနအနေဖြင့် စက်ရုံမြေနဲ့ ကုန်ကြမ်းမြေများအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် လည်းကောင်း၊ ဌာနပိုင်အဆောက်အဦနှင့် စက်ရုံများ၏ ပုံသေပိုင်ပစ္စည်းတန်ဖိုးငွေကျပ် (၄,၇၆၅.၄၄၈) သန်းအား စာရင်းရှင်းလင်းဖျက်သိမ်းရန် လိုအပ်လျက်ရှိပါတယ်။ ထို့ကြောင့် ပုံသေပိုင်ပစ္စည်းတန်ဖိုး ငွေကျပ်(၁၀၄.၇၂၀)သန်းတန်ဖိုးရှိ စက်ပစ္စည်းများနဲ့ အခြားပစ္စည်းအချို့အား အမှတ်(၃)အကြီးစားစက်မှု လုပ်ငန်း(ယခင်စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း)ကြီးကြပ်မှုအောက်ရှိ စက္ကူစက်ရုံ(ရေနီ)နှင့် စက္ကူစက်ရုံ (ပလိပ်)တို့သို့ လွှဲပြောင်းပေးအပ်ထားခဲ့ပြီး ကျန်ရှိသောပုံသေပိုင်ပစ္စည်းတန်ဖိုးငွေကျပ် (၄,၆၆၀.၇၂၈) သန်းအား စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးရဲ့ ဆုံးဖြတ်ချက်ဖြင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအဖွဲ့ ဖွဲ့စည်း၍ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီသို့ လွှဲပြောင်းရောင်းချခဲ့ပါတယ်။

သို့ဖြစ်ပါ၍ စက်ရုံရှိ အဆောက်အဦများ၊ စက်နှင့် စက်ပစ္စည်းများအား ပုံသေပိုင်ပစ္စည်း လက်ကျန်တန်ဖိုး (Book Value)ဖြင့် ရောင်းချခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် နစ်နာဆုံးရှုံးမှု မရှိပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းအမှတ်(၃)နဲ့ပတ်သက်ပြီး အောက်ပါအတိုင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ စက္ကူစက်ရုံ(စစ်တောင်း)အား စက်မှုနယ်မြေအဖြစ် ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ဝန်ထမ်းအိမ်ရာအများအပြား အပါအဝင် စက်ရုံနယ်မြေတစ်ခုလုံး(၉၂၆)ဧကအား နိုင်ငံတော်သို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီးဖြစ်ခြင်း၊ စက်ရုံတွင် ကျန်ရှိသော အဆောက်အဦနှင့် စက်ပစ္စည်းအဟောင်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းပြီးဖြစ်ခြင်း၊ အဆိုပါစက်ရုံ၏ ဖွဲ့စည်းပုံကိုလည်း ဖျက်သိမ်းခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် ယခုအခါ အဆိုပါမြေနေရာရှိ ဝန်ထမ်းအိမ်ရာများသည် စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ခြင်းမရှိတော့သည့်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံပိုင်ခွင့်ရှိသော အိုးအိမ်အဆောက်အဦများသာ ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်သာ လက်ရှိတာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ရွှေသံလွင်ကုမ္ပဏီသို့ ပြောင်းရွှေ့သွားသောဝန်ထမ်းများ ဆက်လက်နေထိုင်လျက် ရှိကြကြောင်း သိရှိရပါတယ်။ သို့ပါ၍ ဝန်ထမ်းများတောင်းဆိုထားသော အိမ်ရာများကိုလည်း သင့်လျော်သည့်နှုန်းထားဖြင့် ဝယ်ယူခွင့်ပြုရန် သို့မဟုတ် အငှားစနစ်ဖြင့် နေထိုင်ခွင့်ပြုရန်ကိစ္စနဲ့ ပတ်သက်၍ စက်မှုဝန်ကြီးဌာနအနေနှင့် တိုက်ရိုက်ပါဝင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိတော့ပါသော်လည်း မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ယခင် ဝန်ထမ်းဟောင်းများအနေဖြင့် အသင့်လျော်ဆုံး ခံစားခွင့်များ ရရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၅)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အခြေခံပညာကဏ္ဍတွင် ကျောင်းထောက်ပံ့ကြေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တိတိကျကျ လိုက်နာဆောင်ရွက်ရေးအတွက် အထူးစီမံ ကြပ်မတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကျောင်းထောက်ပံ့ကြေးများအား ကိုယ်ကျိုးရှာ အလွဲသုံးစားပြုနေသော ကော်မတီဝင်များအား စုံစမ်းဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူအပြစ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး ကအခြေခံပညာကဏ္ဍတွင် ကျောင်းထောက်ပံ့ကြေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တိတိကျကျ လိုက်နာဆောင်ရွက်ရေးအတွက် အထူးစီမံ ကြပ်မတ်ပေးရန် အစီအစဉ်

ရှိ/မရှိနှင့် ကျောင်းထောက်ပံ့ကြေးများအား ကိုယ်ကျိုးရှာ အလွဲသုံးစားပြုနေသော ကော်မတီဝင်များအား စုံစမ်းဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူအပြစ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) က ဦးအောင်မျိုး ဖြစ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းထောက်ပံ့ကြေးအစီအစဉ်ဟာ နိုင်ငံတော်ရဲ့ လူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှု အညွှန်းဘောင်အစီအစဉ်အရ ၂၀၁၃-၂၀၁၄၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်က စတင်ခဲ့တယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းထောက်ပံ့ကြေး၊ ထောက်ပံ့ရေးဆိုင်ရာအစီအစဉ်များ၊ လုပ်ငန်းအကောင်အထည် ဖော်ရေးကို လမ်းညွှန်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလမ်းညွှန်ချက်မှာ ရည်ရွယ်ချက်တွေ၊ အသေးစိတ် ရည်ရွယ်ချက်တွေ၊ ကျောင်းထောက်ပံ့ကြေးသုံးစွဲရန် ငွေစာရင်းခေါင်းစဉ်(၁၂)ရပ်၊ လိုက်နာရမယ့် စည်းကမ်းများ၊ ကျောင်းအဆင့် ပညာထောက်ပံ့ကြေးကော်မတီဖွဲ့စည်းပုံ၊ ကျောင်းဘတ်ဂျက် အစီအစဉ်တွေ ဘယ်လိုရေးဆွဲပြဋ္ဌာန်းပြီးတော့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမယ်လို့ ရေးဆွဲပြဋ္ဌာန်း ထားတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဒီလိုပညာရေးဝန်ကြီးဌာနက စနစ်တကျ ရေးဆွဲ ပြဋ္ဌာန်းပေမယ့်လည်း အောက်ခြေမှာတော့ တိကျသေချာစွာ လိုက်နာမှုမရှိတာကို ကျွန်တော်တို့ တွေ့ရှိ ရပါတယ်။ ကျောင်းကော်မတီတွေ ဖွဲ့စည်းတဲ့အခါမှာ လက်သိပ်ထိုးပြီးတော့ နီးစပ်ရာတွေနဲ့ဖွဲ့စည်းတာ၊ ငွေစာရင်းခေါင်းစဉ်(၁၂)ရပ်နှင့်အညီ တိတိကျကျ မသုံးစွဲတာ၊ ဘတ်ဂျက်အစီအစဉ်တွေကို အများမြင် သာအောင် ရေးဆွဲမပြဋ္ဌာန်းတာ၊ နောက်ဆုံး ကျွန်တော်တို့ကိုယ်တိုင် လေ့လာတွေ့ရှိချက်အရရော၊ ကျွန်တော်တို့ဆီကို တိုင်ကြားစာတွေ၊ လူကိုယ်တိုင်လာရောက် တိုင်ကြားတဲ့အခြေအနေအရ၊ တိုင်ကြား စာတွေရဲ့ အခြေအနေအရ ကိုယ်ကျိုးရှာ အလွဲသုံးစားမှုတွေလည်း အများအပြား ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းထောက်ပံ့ကြေးပေးတဲ့ပုံစံနဲ့ သတ်မှတ်ချက်များဟာ မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်း၊ အလယ်တန်းလွန်ကျောင်းတွေကိုတော့ ကျောင်းသားဦးရေစံနှုန်း သတ်မှတ်ချက်အရ ကျပ်(၄)သိန်းကနေ (၄)သိန်းအထက် အသီးသီးထောက်ပံ့ပေးတာ ဖြစ်ပါတယ်။ အထက်တန်းကျောင်းနဲ့အထက်တန်းကျောင်း(ခွဲ)တွေမှာ ပုံသေထောက်ပံ့ကြေး (၅)သိန်းအပြင် ကျောင်းသားတစ်ယောက်ကို ငါးထောင်နှုန်းနဲ့ ထောက်ပံ့တာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒီထောက်ပံ့ကြေးငွေတွေကို တွက်ချက်မယ်ဆိုရင် အင်မတန်များပြားတဲ့ငွေကြေးပမာဏပါ။ ကျောင်း ထောက်ပံ့ကြေးအစီအစဉ်ရဲ့ လိုအပ်တဲ့ဘတ်ဂျက်တွေကို နိုင်ငံတော်အစိုးရက တစ်စိတ်တစ်ဒေသ ကျခံ တာဖြစ်သလို ကမ္ဘာ့ဘဏ်လို နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေရဲ့ အတိုးမဲ့ချေးငွေနဲ့ ဆောင်ရွက် ထားတယ်ဆိုတာကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် တိုင်းပြည်ဘဏ္ဍာ မပြုန်း တီးစေရေး၊ ပညာရေးဌာနဝန်ထမ်းတွေရဲ့ အကျင့်ပျက်ခြစားမှုတွေ မဖြစ်ပေါ်စေရေး၊ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာ၊ စာရိတ္တမဏ္ဍိုင်ရဲ့ အထွတ်အထိပ်ဖြစ်တဲ့ ပညာဝန်ကြီးဌာနရဲ့အကျိုးကို မျှော်ကိုးပြီးတော့

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)များ၌ ကွန်ပျူတာ၊ မိတ္တူကူးစက်နှင့် မီးစက်တစ်ခုစီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှဦးလားလ်မင်းထန် က ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)များ၌ ကွန်ပျူတာ၊ မိတ္တူကူးစက်နှင့် မီးစက်တစ်ခုစီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ မတူပီမြို့နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၅၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၃၈)ကျောင်း၊ စုစုပေါင်း(၉၂)ကျောင်းရှိပါတယ်။ မြို့ကြီးတချို့ရှိ အထက်တန်းကျောင်း(ခွဲ)နဲ့ အလယ်တန်းကျောင်းတွေမှာကွန်ပျူတာ၊ မိတ္တူကူးစက်တွေ ရှိတယ်လို့ သိရှိရပါတယ်။ သို့သော်လည်း ဝေးလံခေါင်သီသော ချင်းပြည်နယ်ကကျောင်းတွေမှာ ဆိုလို့ရှိရင် ကွန်ပျူတာ၊ မိတ္တူကူးစက်တွေ မရှိတဲ့အတွက် စာမေးပွဲမေးခွန်းထုတ်ရာတွင်လည်းကောင်း၊ မြို့နယ်ပညာရေးမှူးရုံးသို့ ရုံးစာများ၊ အစီရင်ခံစာများရေးရာတွင်လည်းကောင်း၊ အခက်အခဲများစွာ ကြုံတွေ့ရပါတယ်။ မြို့ကြီး၊ ပြကြီး၌ မြို့ပေါ်ရှိ အ.ထ.ကကျောင်း(ခွဲ)များနှင့်အလယ်တန်းကျောင်းများ၌ အပြင်မှာကွန်ပျူတာစာစီခြင်း၊ မိတ္တူကူးခြင်းတို့ကို အလွယ်တကူ ပြုလုပ်နိုင်ပါတယ်။

သို့သော်လည်း ဝေးလံသော ကျေးလက်ဒေသအတွက် ဒီလိုမိတ္တူတွေ လွယ်လင့်တကူ ကူးလို့မရတဲ့အပြင် ကွန်ပျူတာစာစီလို့လည်း အဆင်မပြေပါဘူး။ နောက်ပြီးတော့ ဒီလိုမေးခွန်းတွေကို ကျွန်တော်တို့ဒီ အဝေးကြီးမှာ မိတ္တူသွားကူးမယ်ဆိုလို့ရှိရင်လမ်းမှာ မေးခွန်းပေါက်ကြားမှာကိုလည်း စိုးရိမ်ရပါတယ်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသရှိ ကျောင်းသား၊ ကျောင်းသူများ ဆိုလို့ရှိရင် စားမေးပွဲမေးခွန်းလွှာများကို Blackboard မှာ ဆရာ၊ ဆရာမတွေက မြေဖြူနဲ့ရေးပြီးမှ အဲဒါကို ဆရာမလက်ရေးလှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ။ ဒီဟာကို ကြိုးစာကြည့်ပြီးတော့မှပဲ ဖြေဆို ကြရတာ ဖြစ်ပါတယ်။ ကွန်ပျူတာ၊ မိတ္တူကူးစက်များဟာ နေ့တိုင်းသုံးစရာမလိုတဲ့အတွက် Printer နဲ့ မိတ္တူကူးစက်တွဲလျက်ရှိသော အသေးစားဆိုရင် လုံလောက်ပါတယ်။ နောက် မီးစက်ကိုဘာလို့ ထည့်တွက်ပြီးတင်ပြချင်တာလဲဆိုလို့ရှိရင်တော့လျှပ်စစ်မီးမရှိသေးတဲ့ ဒီကျောင်းတွေအတွက် ထည့်တွက် ပြီးမှ တင်ပြထားတာ ဖြစ်ပါတယ်။

မီးစက်အသေးစား တရုတ်မီးစက်တွေဆိုလို့ရှိရင် အဆင်ပြေမှာ ဖြစ်ပါတယ်။ အကြမ်းဖျင်း ကုန်ကျငွေဆိုလို့ရှိရင် ကျောင်းတစ်ကျောင်းအတွက် (၁၇)သိန်းလောက်နဲ့ လုံလောက်မယ်လို့ ယူဆပါတယ်။ ချင်းပြည်နယ်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နဲ့ အလယ်တန်းကျောင်း စုစုပေါင်း (၉၂)ကျောင်းအတွက် ခန့်မှန်းကုန်ကျငွေဟာ (၁၅၆၄)သိန်းလောက်ဆိုရင် လုံလောက်မယ်လို့ ယူဆရပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာက အစိုးရအတွက် ကြီးလေးကျယ်ပြန့်တဲ့ဝန်ထုပ်ဝန်ပိုး မဟုတ်ဘူးဆိုပြီးမှ ဒီဟာကို တင်ပြရခြင်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှာ ဆောင်ပုဒ်တစ်ခုရှိပါတယ်။ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ဒီအထက်က ကျွန်တော်တင်ပြခဲ့တဲ့ဟာကို ကျေးလက်ဒေသရှိ အထက်တန်းကျောင်း(ခွဲ)ကျောင်းများနဲ့ အ.လ.ကကျောင်းများ၌ ဖြည့်ဆည်းပေးနိုင်မယ် ဆိုလို့ရှိရင်တော့ အထိုက်အလျောက် အဆင်ပြေမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီလို စီစဥ်ဆောင်ရွက်ပေးမှသာလျှင် ကျေးလက်နဲ့ မြို့ပြ ကွာဟမှု နည်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ကျွန်တော် မေးခွန်း မေးမြန်းလိုတာကတော့ ချင်းပြည်နယ် အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းနဲ့ အထက်တန်းကျောင်း(ခွဲ)များ၌ ကွန်ပျူတာ၊ မိတ္တူကူးစက်နှင့် လျှပ်စစ်မီး မရှိသေးသောကျောင်းများအတွက် မီးစက်တစ်ခုစီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေး ဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်ရှိ အမှတ်(၆) သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (Department of Research and Innovation; DRI) ပိုင်မြေ (၃၅.၃၈၅)ဧကမှ (၁၇.၇၀)ဧကကို ပွင့်လင်းမြင်သာမှုမရှိဘဲ စွန့်လွှတ်မြေအဖြစ် အချိန်တိုအတွင်း သတ်မှတ်ပြီး ရွှေတိဂုံစေတီတော်အနီးမှ လက်လွှတ်ခဲ့ရသော ဒဂုံစီးတီးအဆင့်မြင့် (Real Estate Development) မြို့ပြအိမ်ရာစီမံကိန်းနေရာအစား (Marga Landmark Development Co;) မာဃကုမ္ပဏီသို့ နှစ်(၅၀)စီမံကိန်းဖြင့် ငှားရမ်းခဲ့မှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနက ထိုစီမံကိန်းကို ဖျက်သိမ်း၍ ပြည်သူ့ဆန္ဒနှင့်အညီ ဖွံ့ဖြိုးမှုအားနည်းသော တောင်ဒဂုံ၊ မြောက်ဒဂုံ၊ အရှေ့ဒဂုံ၊ ဒလနှင့် တွံတေး စသည့်နေရာများသို့ ရွှေ့ပြောင်းကာ စီမံကိန်းနေရာချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း က ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်ရှိ အမှတ်(၆) သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (Department of Research and Innovation; DRI) ပိုင်မြေ (၃၅.၃၈၅)ဧကမှ (၁၇.၇၀)ဧကကို ပွင့်လင်းမြင်သာမှုမရှိဘဲ စွန့်လွှတ်မြေအဖြစ် အချိန်တိုအတွင်း သတ်မှတ်ပြီး ရွှေတိဂုံစေတီတော်အနီးမှ လက်လွှတ်ခဲ့ရသော ဒဂုံစီးတီး အဆင့်မြင့် (Real Estate Development) မြို့ပြအိမ်ရာ စီမံကိန်းနေရာအစား (Marga Landmark Development Co;) မာဃကုမ္ပဏီသို့ နှစ်(၅၀)စီမံကိန်းဖြင့် ငှားရမ်းခဲ့မှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနက ထိုစီမံကိန်းကို

ဖျက်သိမ်း၍ ပြည်သူ့ဆန္ဒနှင့်အညီ ဖွံ့ဖြိုးမှုအားနည်းသော တောင်ဒဂုံ၊ မြောက်ဒဂုံ၊ အရှေ့ဒဂုံ၊ ဒလနှင့် တွံတေး စသည့်နေရာများသို့ ရွှေ့ပြောင်းကာ စီမံကိန်းနေရာချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနဲ့ မြန်မာပြည်သူများ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ဖတ်ကြားတင်ပြခဲ့တဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး အကျိုးအကြောင်းနဲ့ ဖြစ်စဉ်အကျဉ်းကို တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။

အထက်ပါ သုတေသနနှင့် ဆန်းသစ်တီထွင်မှုဦးစီးဌာန (Department of Research Institute)ဟာ မြန်မာ့လွတ်လပ်ရေးရဲ့ဖခင်ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိစဉ်ကပင် ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ Excecutive Council မှ မြန်မာ့လွတ်လပ်ရေးမရခင် ၁၉၄၇ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှာ စက်မှုနဲ့အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်(၁၁၀)ဖြင့် နိုင်ငံတော်စက်မှုလက်မှုသုတေသနအဖွဲ့ (State Industrial Research Institute) အမည်နဲ့ တည်ထောင်ပေးခဲ့တဲ့ သမိုင်းဝင်ရှေးအကျဆုံးသော လက်တွေ့သုတေသနဌာနကြီးတစ်ခု ဖြစ်ပါတယ်။ အဆိုပါ သုတေသနဌာနကြီးမှာ လက်တွေ့ဓာတုဗေဒဌာန၊ စက္ကူသုတေသနဌာန၊ ဘယဆေးသုတေသနဌာန၊ အစားအစာသုတေသနဌာနများနဲ့ ပစ္စည်းဝယ်ယူသိုလှောင်၍ ဝန်ထမ်းအိမ်ရာတွေတည်ရှိပြီး ယနေ့တိုင် လည်ပတ်နေတာရှိပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒီဌာနကြီးက ဘာတွေလုပ်နေလဲဆိုရင် (၁) အရေးကြီးလိုအပ်တဲ့ စံချိန်စံညွှန်းနဲ့ စံသတ်မှတ်ရေး (Standardization and Standard Institute) အတွက် တိကျမှုတိုင်းတာရေး (Metrology)ဌာနကြီးကို ထပ်မံ၍ အင်အားတိုးချဲ့ရန်။ (၂) စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုတေသနဝန်ဆောင်မှုများ၊ ကျမ်းပြုကျောင်းသားများနဲ့ ဒီလုပ်ငန်းများကို အထောက်အကူပြုရန်အတွက် တည်ထောင်ထားတဲ့ အမျိုးသားအဆင့်ဓာတ်ခွဲခန်း (National Analytical Laboratory;NAL) အဖြစ် နိုင်ငံတကာအဆင့်ထိ တိုးမြှင့်ရန် ရည်ရွယ်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော် ဝန်ကြီးဌာနအသီးသီး ရွှေ့ပြောင်းခဲ့ရတဲ့အတွက် လွတ်လပ်သွားတဲ့အဆောက်အအုံနဲ့ မြေနေရာတွေကို တန်ဖိုးရှိစွာ အသုံးချနိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူတွေ ရောက်ရှိလာပါတယ်။ ဤအခါမှာ ဂျပန်နိုင်ငံက KAJIMA Corporation ကုမ္ပဏီဟာလည်း သုတေသနနဲ့ တီထွင်ဆန်းသစ်မှုဦးစီးဌာနကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းလမ်းကို သိပ္ပံနှင့် နည်းပညာဝန်ကြီးထံ ဆွေးနွေးတင်ပြကာ စီမံကိန်းအဆိုပြုချက်(ProjectProposal) ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှာ တင်ပြခဲ့ပါတယ်။ ယင်းအဆောက်အဦတင်ပြချက် (PriliminaryReport)အရ မိမိတို့တိုင်းပြည် အနာဂတ်ရည်မှန်းချက်ဖြစ်တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု(Sustainable-

Development)အတွက် အဆင့်မြင့်ဗဟိုသုတေသနဌာနကြီး (Research Centre of Excellence) တင်ပြထားတဲ့စီမံကိန်းဖြစ်ကြောင်းကို တွေ့ရပါတယ်။ ဒီကုမ္ပဏီရဲ့ ပဏာမစာချုပ်ပါ Term & Conditions(1.3) billions U.S$ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ရင်းနှီးမြှုပ်နှံပြီး ကနဦးမြေငှားရမ်းခ Land Lease Premium ကို နည်းဆုံး (၅၆)မီလီယံဒေါ်လာ သတ်မှတ်၍ ခေတ်မီအဆောက်အအုံ ဓာတ်ခွဲခန်း၊ စမ်းသပ်ခန်း၊ ရုံးခန်း၊ ဝန်ထမ်းအိမ်ရာ စသည်တို့တည်ဆောက်ပြီး BOT စနစ်နဲ့ ငှားရမ်းကာ သုတေသနဆိုင်ရာလုပ်ငန်းများလည်ပတ်ပါက တစ်နှစ်လျှင် (3.44)Million Dollar မြန်မာ့သုတေသနနဲ့ တီထွင်ဆန်းသစ်မှုဌာနကို ပေးမှာဖြစ်ပါတယ်။

KAJIMA ကုမ္ပဏီကို အသေးစိတ်ဖော်ပြနေခြင်းက ပွင့်လင်းမြင်သာမှုရှိတဲ့ ပြည်သူတို့မျှော်လင့်ချက်နဲ့ လိုက်လျောညီထွေရှိတယ်ဆိုတဲ့သဘောကို ပေါ်လွင်စေချင်လို့ ဖြစ်ပါတယ်။ ယခုမြေငှားရမ်းခွင့်ရတဲ့ (Marga Landmark Development Co;) ဟာ ရွှေတိဂုံစေတီတော်အနီးမှာရှိတဲ့စစ်ရုံးမြေကို ဒဂုံစီးတီးစီမံကိန်းလုပ်ခွင့်မရဘဲ လက်လွှတ်ခဲ့ရတဲ့ကုမ္ပဏီ ဖြစ်ပါတယ်။

ဒါ့ကြောင့် အဆိုပါ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ယင်းသုတေသနမြေနေရာကို အတင်းအဓမ္မ စွန့်လွှတ်မြေအဖြစ်စီမံကာ လွှတ်တော်ကို အသိမပေး၊ လုပ်ထုံးလုပ်နည်းကို ကျော်လွှား၊ ပြည်သူတွေမသိ၊ ပွင့်လင်းမြင်သာမှုမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းလစ်ဟာနေတဲ့ အစိုးရလွှဲပြောင်းခြင်းမပြုမီကာလ အချိန်တိုသုံးလအတွင်းမှာ အတင်းစီမံကာ အောက်ပါအတိုင်း ရယူခဲ့တယ်လို့ ပြည်သူများရဲ့သဘောထား ဖြစ်နေပါတယ်။

(၁) ၂၀၁၅ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်နေ့မှာ စွန့်လွှတ်မြေအဖြစ် တင်ပါတယ်။(၂) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်နေ့မှာ နိုင်ငံတော်ကို အပ်နှံခွင့်ပြုပါတယ်။ (၃) ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်မှာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission) တင်ပြပါတယ်။ (၄) ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ (Marga Landmark Development) ကို ပေးအပ်လိုက်ပါတယ်။ (၅) ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာတော့ ဝင်းထရံကာ၊ သစ်ပင်များခုတ်လှဲနေခြင်းကို ယနေ့အထိ ဆောင်ရွက်နေကြပါတယ်။ ပြည်သူပိုင်မြေအား အပေါစားငှားရမ်းခနဲ့ ရည်ရွယ်ချက်ရှိရှိဖြင့် သိမ်းယူကာ ကျွန်တော်တို့ရဲ့အနာဂတ်ကို ရိုက်ချိုးသလို ခံစားလိုက်ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းဖို့ ပညာရေးအခြေခံရင့်သန်ဖို့ လိုပါတယ်။ ဒါ့ကြောင့် အမြော်အမြင်ကြီးမားစွာနဲ့ ကျွန်တော်တို့ ခေါင်းဆောင်ကြီးတွေက သဘောတရားနဲ့လက်တွေ့ ပေါင်းစပ်ကာ Research & Devemlopment လုပ်စေချင်လို့ ကျယ်ဝန်းတဲ့သုတေသနဌာနကို စီမံခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာပြည်သူပြည်သားများရဲ့ အကျိုးအတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်လျက် အထက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းခဲ့ရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ နမ္မဝေါရပ်ကွက်ရှိ တပ်မတော် လက်ဖက်အချိုခြောက် စက်ရုံမြေနေရာတွင်ပါဝင်သော အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း မြေနေရာကို ပညာရေးဝန်ကြီးဌာနပိုင်မြေအဖြစ် လွှဲပြောင်း သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ၊ ၎င်းကျောင်းအား ကျောင်းပြုပြင် ထိန်းသိမ်းစရိတ်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးရန်ပုံငွေ ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှဦးမိုင်းအုဏ်းခိုင် က ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ နမ္မဝေါရပ်ကွက်ရှိ တပ်မတော် လက်ဖက်အချိုခြောက် စက်ရုံမြေနေရာတွင်ပါဝင်သော အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း မြေနေရာကို ပညာရေးဝန်ကြီးဌာနပိုင်မြေအဖြစ် လွှဲပြောင်း သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ၊ ၎င်းကျောင်းအား ကျောင်းပြုပြင် ထိန်းသိမ်းစရိတ်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးရန်ပုံငွေ ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းအုဏ်းခိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ နမ္မဝေါရပ်ကွက်မှာရှိတဲ့ တပ်မတော် လက်ဖက်အချိုခြောက်စက်ရုံနယ်မြေထဲမှာ ပါဝင်တဲ့ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း မြေနေရာနဲ့ ပတ်သက်ပြီး မေးမြန်းမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကို မေးရခြင်း အကြောင်းအရင်းက အစိုးရအဆက်ဆက်ကတည်းက တင်ပြထားသော်လည်း အကောင်အထည်ဖော်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့် ယခုလို လွှတ်တော်မှာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ တပ်မတော် လက်ဖက်အချိုခြောက်စက်ရုံမတည်ခင်မှာ အမှတ်(၁)စက်မှုဝန်ကြီးအောက်မှာ ထားရှိတဲ့စက်ရုံ ဖြစ်ပါတယ်။ ဒီစက်ရုံကို ထူထောင်ပြီးကတည်းက လုပ်သားတွေ၊ မိသားစုတွေရဲ့ ကလေးငယ်များ ပညာသင်ကြားနိုင်ဖို့အတွက် ကိုယ်ထူကိုယ်ထကျောင်းကိုစတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁-၆-၁၉၈၆ ခုနှစ်မှာ ပညာဝန်ကြီးဌာနကနေပြီးတော့မှ အမှတ်(၈) မူလတန်းကျောင်းအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ၈-၉-၁၉၈၇ မှာ အမှတ်(၈) အခြေခံပညာမူလတန်းကျောင်းကနေပြီးတော့မှ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းအဖြစ် ပြောင်းလဲ သတ်မှတ်ပေးခဲ့ပါတယ်။

၂၀-၁၀-၁၉၈၉ ရက်နေ့မှာ စက်မှုဝန်ကြီးဌာနအောက်ကနေပြီးတော့မှ ကာကွယ်ရေးဝန်ကြီးပိုင်အဖြစ် တပ်မတော် လက်ဖက်အချိုခြောက်စက်ရုံအဖြစ် လွှဲပြောင်းပေးတဲ့နေရာမှာ ခုနပြောတဲ့ အခြေခံပညာ အမှတ်(၃)မူလတန်းကျောင်း ကျောင်းဆောင်နဲ့ မြေနေရာပါ လွှဲပြောင်းပေးကြောင်း သိရှိရပါတယ်။ အဲဒီကျောင်းနဲ့ပတ်သက်ပြီးတော့ တပ်မတော် လက်ဖက်အချိုခြောက်စက်ရုံ ဦးစီးပြီးတော့

ရပ်ကွက် မိဘပြည်သူများ ပူးပေါင်းပြီး (၄၂ ပေ × ၄၈ ပေ) ရှိတဲ့ ပထမတစ်ထပ် စာသင်ဆောင်ကို နှစ်ထပ်ကျောင်းဆောင်အဖြစ် တိုးချဲ့ခဲ့ပြီးတော့ ၁-၉-၁၉၉၄ ခုနှစ်မှာ ပညာရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ ဒီလိုလွှဲပြောင်းပေးတဲ့နေရာမှာ အဆောက်အအုံသာ လွှဲပြောင်းပေးနိုင်ပြီး မြေနေရာကို လွှဲပြောင်းပေးနိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းနဲ့ပတ်သက်ပြီးမှ ပညာရေးဝန်ကြီးဌာနက ယခုထိတိုင်ပဲ ကျောင်းဆရာခန့်ထားခြင်းနဲ့ လစာကလွဲလို့ ကျောင်းအထွေထွေ ထိန်းသိမ်းစရိတ်နဲ့ ကျောင်းဆောင်တိုးချဲ့ခြင်းရန်ပုံငွေ ချမှတ်ပေးနိုင်ခြင်း မရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နမ့်ဆန်မြို့ဟာ မြေပြင်အနေအထားအရ အခက်အခဲ အများကြီးရှိတာဖြစ်တဲ့အတွက်ကြောင့် ယခုအခါမှာ ဒီကျောင်းဟာလည်း ဥပမိရုပ်ပြန်လည် ပြင်ဆင်ဖို့ လိုအပ်နေသလို နှစ်စဉ် ကျောင်းသားဦးရေ တိုးပွားလာတဲ့အတွက်ကြောင့် ကျောင်းဆောင်သစ်ဆောက်လုပ်ဖို့လည်း လိုအပ်နေပါတယ်။ ဒါကြောင့်မို့လို့ မေးမြန်းလိုတာကတော့ ဒီကျောင်းဆောင်မြေနေရာကို တပ်မတော်ကာကွယ်ရေးဝန်ကြီးဌာန၊ ဒီတပ်မတော် လက်ဖက်အချိုခြောက်စက်ရုံ မြေနေရာကနေပြီးတော့မှ ပညာရေးဝန်ကြီးဌာန မြေနေရာအဖြစ် လွှဲပြောင်းပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းလိုပါတယ်။

(၂) မေးခွန်းကတော့ ဒီကျောင်းဆောင်နဲ့ပတ်သက်ပြီးတော့မှ ပြင်ဆင်ထိန်းသိမ်းစရိတ်နဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ဖို့ ရန်ပုံငွေချပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် အားလုံးကို။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် သံထောင်ရွာများရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် ကျောင်းစာသင်ခန်းများ လုံလောက်မှုမရှိသည့်အတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်း၊ စာသင်ခန်းများအား မွမ်းမံပေးခြင်းနှင့် ဆမီးမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသည့် ကျောင်းခန်းမ၊ သိပ္ပံခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက်တို့ကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် သံထောင်ရွာများရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် ကျောင်းစာသင်ခန်းများ လုံလောက်မှုမရှိသည့်အတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်း၊ စာသင်ခန်းများအား မွမ်းမံပေးခြင်းနှင့် ဆမီးမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိတဲ့ ကျောင်းခန်းမ၊ သိပ္ပံခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက်တို့ကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါ

တယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အ.ထ.ကဆမီးမြို့ဟာ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ စာစစ်ဌာနရရှိပြီး တော့မှ လက်ရှိမူလတန်းကျောင်းမှ အထက်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသားပေါင်း(၁၂၀၀) ကျော် ပညာသင်ကြားသောကျောင်း ဖြစ်ပါတယ်။ မူလတန်းအဆင့် ကျောင်းသူ၊ ကျောင်းသားများဟာ ဟောင်းနွမ်းနေတဲ့ကျောင်းမှာပဲ ပညာသင်ကြားလျက်ရှိပါတယ်။ တချို့စာသင်ခန်းများဟာ ကျောင်းသူ၊ ကျောင်းသား (၈၀)ကျော်အထိ ကျပ်တည်းစွာ ပညာသင်ကြားကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ထိုနည်းတူပဲ ပလက်ဝမြို့နယ်ရှိ အ.ထ.က သံထောင်ရွာမှာလည်းပဲ အထက်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူပေါင်းအားလုံး (၅၀၀)ကျော် ပညာသင်ကြားသောကျောင်း ဖြစ်ပါတယ်။ ယနေ့အထိ ကျောင်းဆောင်အသစ်များ ဆောက်လုပ်ပေးခြင်းမရှိဘဲ ယခင် ကျောင်းဟောင်း တွင်သာ ပညာသင်ကြားနေရပါတယ်။ ၎င်းကျောင်းဟောင်းတွင်လည်း အခန်းလုံလောက်မှု မရှိတဲ့ အတွက် ဝန်ထမ်းအိမ်ရာတွင် စာသင်ခန်းအဖြစ် အသုံးပြုနေရကြောင်း သိရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ စာသင်ခန်းများ လုံလောက်မှုမရှိခြင်း၊ တစ်နှစ်ပြီးတစ်နှစ် ကျောင်းသူ၊ ကျောင်းသားများ အင်အားများပြားခြင်း၊ လက်ရှိ ကျောင်းခန်းအတွဲများ ဟောင်းနွမ်းခြင်းကြောင့် စာသင်ဆောင်များ ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ တချို့စာသင်ဆောင်များအားလည်း ပြန်လည် မွမ်းမံရန် လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အ.ထ.က ဆမီးမြို့တွင်ကျောင်းခန်းမ၊ သိပ္ပံခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက်အခန်းများ ယနေ့အထိ မရှိသေးကြောင်း တွေ့ရှိခဲ့ရပါတယ်။ စာစစ်ဌာနရရှိပြီးဖြစ်သော် လည်း လုံလောက်သည့် သင်ထောက်ကူပစ္စည်းများနှင့် ရှိသင့်ရှိထိုက်သည့်အခန်းများ မရှိခြင်းကြောင့် အမြန်ဆုံးဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ထို့ကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် သံထောင်ရွာများရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းစာသင်ခန်းများ လုံလောက်မှုမရှိသည့်အတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်း၊ စာသင်ခန်းများအားမွမ်းမံပေးခြင်းနှင့်ဆမီးမြို့ အခြေခံ ပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသည့် ကျောင်းခန်းမ၊ သိပ္ပံခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့် တိုက်တို့ကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ရှေးဦးမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ

အကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မေးမြန်းတဲ့ မေးခွန်းများကို ကျွန်တော် ဦးဝင်းမော်ထွန်း၊ ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနက ဖြေကြားမှာ ဖြစ်ပါတယ်။

ရှေးဦးစွာ ဒီနေ့ မေးမြန်းတဲ့ မေးခွန်းများကို ခြုံငုံကြည့်ရင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများကို မိမိတို့ မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ ပညာရေးနဲ့ပတ်သက်လို့ ပြည်သူများလိုလားချက်တွေ၊ ပညာရေးနဲ့ပတ်သက်လို့ လိုအပ်ချက်တွေကို အသေးစိတ် လေ့လာ တင်ပြသွားတာကို ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း အထူးကျေးဇူးတင်ပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။ တင်ပြသွားတဲ့ကိစ္စမှန်သမျှတွေလည်း ကျွန်တော်တို့ဝန်ကြီးဌာနက ဖြည့်ဆည်းဆောင်ရွက်မယ့်တာဝန်ရှိပါကြောင်းလည်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ပထမမေးခွန်းအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၂) မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး ရဲ့ အခြေခံပညာကဏ္ဍတွင် ကျောင်းထောက်ပံ့ကြေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တိတိကျကျ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အထူးစီမံ ကြပ်မတ်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ကျောင်းထောက်ပံ့ကြေးများကို ကိုယ်ကျိုးရှာ အလွဲသုံးစားပြုနေသော ကျောင်းထောက်ပံ့ကြေး ကော်မတီဝင်များအား စုံစမ်းဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူအပြစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ တင်ပြမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာလည်း ပါ ပါတယ်။ ဒီကျောင်းထောက်ပံ့ကြေးဆိုတာ ကျွန်တော်တို့နိုင်ငံတော်က အင်မတန်မှ ရည်ရွယ်ချက်ရှိရှိ၊ နောက်တစ်ခါ ဒီဘဏ္ဍာငွေ ကန့်သတ်ချက်ကြားထဲကနေ ပညာရေးမြင့်မားဖို့အတွက် အထူးစီမံ ချမှတ်ထားတဲ့အစီအစဉ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ချက်ကတော့ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး၊ မြို့နယ်၊ ပြည်နယ်ပညာရေးမှူးများအနေနဲ့ မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ ပြည်နယ်အတွင်းရှိ ခရိုင်ပညာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများမှတစ်ဆင့် ကျောင်းထောက်ပံ့ကြေးရန်ပုံငွေ သုံးစွဲခြင်းနဲ့ စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းသင်တန်းများပေးခြင်း၊ မြို့နယ်ပညာရေးမှူးများကလည်း အခြေခံပညာကျောင်းများရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများကို ထပ်မံ၍ လုပ်ထုံးလုပ်နည်းသင်တန်းပေးခြင်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခြေခံပညာကျောင်းများအနေနဲ့ ကျောင်းထောက်ပံ့ကြေး ရန်ပုံငွေများကို သုံးစွဲရာတွင် အဖွဲ့အစည်းနဲ့သာ လုပ်ဆောင်ရန်၊ ပွင့်လင်းမြင်သာမှုရှိအောင် သုံးစွဲရန်၊ တစ်ဦးတစ်ယောက်အတွက် သုံးစွဲရန်မဟုတ်ဘဲ ကျောင်းတစ်ကျောင်းလုံးအတွက် ရည်ရွယ်သုံးစွဲရန်၊ ငွေစာရင်းခေါင်းစဉ် (၁၂)ရပ်ကိုလည်း မှန်ကန်စွာသုံးစွဲရန်ပါ ဆောင်ရွက်ခဲ့ပါတယ်။ ဒီဟာက ဒီကျောင်းထောက်ပံ့ကြေးနဲ့ စပ်လျဉ်းလို့ ဒါ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက Standard of Procedure လုပ်ထုံးလုပ်နည်းကို အသေးစိတ်ထုတ်ပြန်ပြီး ဒါတွေကို နားလည်အောင်၊ ဒါတွေကို ကျင့်သုံးအောင်၊ ဒါတွေကို လက်တွေ့မှာ ငွေစာရင်း လုပ်ထုံးလုပ်နည်းနဲ့ ညီညွတ်အောင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ထိုနည်းတူစွာပဲ ဒီငွေသည် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသကဲ့သို့ ကမ္ဘာ့ဘဏ် (World Bank) ရဲ့ အတိုးမဲ့ချေးငွေဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်သည့်အတွက် ဒီငွေကို သုံးစွဲရာမှာလည်း ကမ္ဘာ့ဘဏ်ရဲ့ လုပ်ထုံးလုပ်နည်းသတ်မှတ်ပြီး ဖြစ်ပါတယ်။ ဒီလုပ်ထုံးလုပ်နည်းကိုလည်း ပြည်နယ်၊ တိုင်း

အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများအဆင့် နားလည်အောင် ရှင်းလင်း သင်တန်းပေးပြီး ဒီလုပ်ထုံးလုပ်နည်းများလည်း ကမ္ဘာ့ဘဏ် လုပ်ထုံးလုပ်နည်း နဲ့အညီ သတ်မှတ်ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နိုင်ငံပိုင်ငွေ၊ နိုင်ငံတော်ရန်ပုံငွေ သုံးစွဲရာမှာ နိုင်ငံတော်စာရင်းစစ်အဖွဲ့ရဲ့ စစ်ဆေးမှုလုပ်ငန်းများမှာလည်း ဒီ ရန်ပုံငွေကို အစစ်အဆေးခံ ရန်ပုံငွေအဖြစ် တွဲဖက်ထားပြီး စာရင်းစစ်များအနေနဲ့ နိုင်ငံတော်ရန်ပုံငွေစိစစ်ရာမှာ ကျောင်းထောက်ပံ့ကြေးရန်ပုံ ငွေကိုပါ နိုင်ငံတော်ပိုင်ရန်ပုံငွေကဲ့သို့ လုပ်ထုံးလုပ်နည်းနဲ့အညီ ကိုက်၊ မကိုက် စစ်ဆေးရန်သတ်မှတ်ပြီး ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ကျောင်းထောက်ပံ့ကြေးကို စနစ်တကျ သုံးစွဲနိုင်ရန် စီစဥ်ကြပ်မတ်ခြင်း အတွက် ပညာရေးဝန်ကြီးဌာန အနေနဲ့ (SOP) Standard of Procedure သတ်မှတ်ပြီးဖြစ်သလို World Bank အနေနဲ့လည်း လုပ်ထုံးလုပ်နည်း သတ်မှတ်ပြီးဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်စာရင်းစစ်လုပ်ငန်း များ စစ်ဆေးတဲ့လုပ်ငန်းမှာလည်း ဒီရန်ပုံငွေသည် နိုင်ငံတော်စာရင်းစစ်ရဲ့ အစစ်အဆေးခံ ရန်ပုံငွေအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လုပ်ထုံးလုပ်နည်းနဲ့မညီဘဲနဲ့ စနစ်တကျ သုံးစွဲခြင်းမရှိတဲ့ကိစ္စများကို အရေးယူရာမှာတော့ ခုနလည်း အဆိုရှင်ကိုယ်စားလှယ်တော်ကြီးနဲ့ ကျွန်တော် တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခြေခံပညာဦးစီးဌာနအောက်ရှိ ကျောင်းထောက်ပံ့ကြေးလုပ်ငန်းများကို တိတိကျကျ မလိုက်နာဘူး။ ပွင့်လင်းမြင်သာမှုမရှိဘူး။ ကိုယ်ကျိုးရှာအလွဲသုံးစားများရှိရင် ဒါ တိုင်ကြားမှုအရ သော်လည်းကောင်း၊ ခုနက ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိလို့သော်လည်းကောင်း၊ World Bank က စစ်ဆေးတွေ့ရှိလို့သော်လည်းကောင်း၊ နိုင်ငံတော်စာရင်းစစ်အဖွဲ့များက စစ်ဆေးတွေ့ရှိ လို့သော်လည်းကောင်း ပြစ်မှုကျူးလွန်သည်နှင့်အမျှ ချက်ချင်း ထိထိရောက်ရောက် အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဒုတိယမေးခွန်းအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးအား ရိုသေစွာ တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ချင်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ မေးခွန်းဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာ အလယ် တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)များ၌ ကွန်ပျူတာ၊ မိတ္တူကူးစက်နှင့် မီးစက်တစ်ခုစီ ချထားပေးရန် အစီအစဥ် ရှိ/မရှိကို ကျွန်တော် ရှင်းလင်းတင်ပြသွားပါမယ်။ မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလားလ်မင်းထန် နဲ့ လွှတ်တော်မစခင်မှာ ကျွန်တော် ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်များသည် ခြွင်းချက်မရှိ မှန်ကန်ပါတယ်။ ဒီ ဝေးလံဒေသ၊ မြို့နဲ့လက်လှမ်း မမီတဲ့ဒေသမှာရှိတဲ့ အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)မှာ ဒီမေးခွန်းကိစ္စ၊ သင်ကြားရေးကိစ္စ၊ ရုံးကိစ္စတွေအတွက် ကွန်ပျူတာနှင့် မိတ္တူကူးစက်တို့ဟာ ကျောင်းမှာမရှိရင် ပြင်ပဆိုင် တို့၊ နောက်တစ်ခါ လက်လှမ်းမမီနိုင်တဲ့အခြေအနေရှိတာ မှန်ကန်ပါတယ်။ ချင်းပြည်နယ်ရဲ့ ဝေးလံဒေသ များမှာပိုပြီးထူးခြားတာက ကွန်ပျူတာ၊ (Printer)၊ မိတ္တူကူးစက်ရှိသော်လည်း လျှပ်စစ်မီးက မရတဲ့ဒေသ တွေ များတဲ့အတွက် လျှပ်စစ်မီးစက်လိုအပ်မှုဟာလည်း အထူးလိုအပ်ပါကြောင်း ဒါ ပညာရေးဝန်ကြီး ဌာနက ထည့်သွင်း ဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လောလောဆယ်အားဖြင့် ချင်းပြည်နယ်မှာ အခြေခံပညာအထက်တန်းကျောင်းပေါင်း (၄၅) ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပေါင်း(၅၄)ကျောင်း၊ နောက် အခြေခံပညာအလယ်တန်း ကျောင်းပေါင်း(၃၈)ကျောင်းရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ ဘဏ္ဍာရေးနှစ်အလိုက် လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြချက်အတိုင်း ကွန်ပျူတာ၊ (Printer)၊ မိတ္တူကူးစက်၊ မီးစက်များ ပြည့်စုံအောင် ဆောင်ရွက်ပေးမယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိဆောင်ရွက်မှုအားဖြင့် ကျွန်တော်တို့ အစိုးရ အပြင် ချင်းပြည်နယ်မှာ ထူးခြားတာက ဒီ ချင်းအမျိုးသားတပ်ဦးက ဆောင်ရွက်ပေးတာလေးတွေရှိပါ တယ်။ အခြေခံပညာအထက်တန်းကျောင်း (၂၁)ကျောင်းသို့ ကွန်ပျူတာအစုံ (၈၃၀)၊ မီးစက်(၁၅)လုံး ပေးအပ်လှူဒါန်းခဲ့ကြောင်းလည်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီနှစ် အခြေခံပညာဦးစီးဌာနရုံးချုပ် က ချင်းပြည်နယ်အတွင်း ကျောင်းများသို့ ဆောင်ရွက်ပေးနိုင်တာကတော့ ကွန်ပျူတာ(၁၃)လုံး၊ Printer (၁၃)လုံး၊ Laptop Computer (၆)လုံး၊ UPS (၁၃)လုံး၊ စာကူးစက်(၇)လုံး ကျွန်တော်တို့ ဆောင်ရွက်ပေး ပြီးဖြစ်ကြောင်း တင်ပြပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း ချင်းပြည်နယ်ကျောင်းများ အတွက် လျာထားပါတယ်။ ဘဏ္ဍာငွေခွင့်ပြုချက်ရလျှင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြ အပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမောင်မောင်အုန်း ရဲ့ မေးခွန်းဖြစ်တဲ့ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရား လမ်းနှင့် ကံဘဲ့လမ်းထောင့်ရှိ အမှတ်(၆)ကမ္ဘာအေးဘုရားလမ်း သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီး ဌာန (Department of Research and Innovation; DRI)ပိုင် မြေဧက (၃၅.၃၈၅)ဧကမှ (၁၇.၇၀)ဧကကို ပွင့်လင်းမြင်သာမှုမရှိဘဲ ရွှေတိဂုံစေတီတော်အနီး ဒဂုံစီးတီး အဆင့်မြင့် (Real Estate Development) မြို့ပြအိမ်ရာစီမံကိန်းနေရာအတွက် စွန့်လွှတ်ခဲ့ရပြီး (Marga Landmark Development Co;) မာဃကုမ္ပဏီသို့ နှစ်(၅၀)စီမံကိန်းဖြင့် ငှားရမ်းထားခဲ့မှုအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဗဟိုစီမံကိန်းကိုဖျက်သိမ်း၍ ပြည်သူ့ဆန္ဒနဲ့အညီ ဖွံ့ဖြိုးမှုအားနည်းသော တောင်ဒဂုံ၊ မြောက်ဒဂုံ၊ အရှေ့ဒဂုံ၊ ဒလနှင့် တွံတေး စသည့်နေရာများသို့ ရွှေ့ပြောင်းကာ စီမံကိန်းနေရာ ချထား နိုင်ခြင်း ရှိ/မရှိ ကိစ္စနှင့်ပတ်သက်လို့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်အုန်း တင်ပြချက်က ပြည့်စုံပါတယ်။ ကျွန်တော်တို့ (Department of Research and Innovation) ဒီသုတေသနဌာနဟာ ဘယ်တုန်းက စပေါ် လာတယ်။ ဘယ်လောက် အရေးကြီးတယ်။ ဘယ်လုပ်ငန်းတွေ လုပ်တယ်ဆိုတာ လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားတာ ပြည့်စုံပါတယ်။ လုံးဝလည်း မှန်ကန်ပါကြောင်း ကျွန်တော်တို့ တင်ပြ အပ်ပါတယ်။ ဒီ ပညာရေးအဆင့်မြှင့်တင်တဲ့ လုပ်ငန်းတွေမှာ ဒီသုတေသနလုပ်ငန်းများရဲ့ အဆင့်မြင့် လုပ်ဆောင်နိုင်မှုဟာ ကြီးစွာသော အထောက်အပံ့ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြပါတယ်။ ဒါကို အသေးစိတ်ရှင်းပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်အုန်း ကိုလည်း အထူးကျေးဇူး တင်ပါတယ်။ ဒုတိယပိုင်းအနေနဲ့ ဂျပန်နိုင်ငံ KAJIMACorporation မှ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်း များနဲ့ စပ်လျဉ်းလို့ စီမံကိန်းတွေ တင်ပြခဲ့တယ်လို့ သိရပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်အုန်းရဲ့ တင်ပြချက်အရ ထိုတင်ပြခြင်းများသည် ပြီးခဲ့သောအစိုးရ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနလက်ထက်မှာ တင်ပြခဲ့ကြောင်း သိရပါတယ်။ ဒီဘက်အစိုးရသစ် ပညာရေးဝန်ကြီးဌာန

လက်ထက်မှာတော့ KAJIMA ကုမ္ပဏီသည် တစ်စုံတစ်ရာတင်ပြခဲ့ခြင်း မရှိပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်။

အကယ်၍ တင်ပြသည့်တိုင်အောင် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာန သဘောတစ်ခုတည်း ဆုံးဖြတ်ခွင့်မရှိပါ။ ဒီတင်ပြချက်အပေါ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ နောက် တစ်ခါ နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒကော်မတီ၊ နောက်တစ်ခါ နိုင်ငံတော်သမ္မတရုံးတို့ အဆင့်ဆင့် တင်ပြရမှာ ဖြစ်တဲ့အပြင် အစိုးရအဖွဲ့ အစည်းအဝေးက အတည်ပြုပေးမှ လုပ်ငန်းကိုဆောင်ရွက်ခွင့် ရှိပါ ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ အဲဒီတော့ KAJIMA ကုမ္ပဏီအနေဖြင့် လက်ရှိအားဖြင့် ပညာရေးဝန်ကြီးဌာနသို့ တစ်စုံတစ်ရာတင်ပြထားခြင်းမရှိပါကြောင်း လွှတ်တော်အား တင်ပြအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ယခင်အစိုးရလက်ထက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ရရှိထားသော ရွှေတိဂုံဘုရား၊ သိင်္ဂုတ္တရကုန်းတော်နှင့် ဆက်စပ်နယ်မြေတစ်ဝိုက်ရှိ လုပ်ငန်း စီမံကိန်းများ၏ အစားထိုးမြေနေရာအတွက် ယခင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ယခု ပညာရေးဝန်ကြီး ဌာနမှပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကံတော့လမ်းထောင့် ရှိ မြေဧက (၁၇.၇၀)ဧကကို မြေအသုံးချမှု စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ၂၂-၁၂-၂၀၁၅ ရက်စွဲပါ စာအမှတ် ၆၃၀/၁ ကော်မတီ/ပစခ(ဗဟို)/၂၀၁၅ အရ နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ရပါတယ်။ နိုင်ငံတော်ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန လက်ဝယ်သို့ ပြောင်းလဲ လွှဲအပ်ခဲ့ပါတယ်။ ဒါကို လွှတ်တော်ကို တင်ပြအပ်ပါတယ်။ ဒီဘက် အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနနှင့် Marga Landmark တို့ ပါဝင်သည့် အစည်းအဝေးတွင် ညှိနှိုင်းမှုအရ Marga Landmark ကုမ္ပဏီမှ လွှဲပြောင်းရယူထားသည့် မြေ(၁၇.၇)ဧကအနက် (၉)ဧကအား နိုင်ငံတော် သို့ ပြန်လည်ပေးအပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ဒီ စီမံကိန်းကို ဆောင်ရွက်ဖို့ အစီအစဉ် မရှိပါဘူး။ ဒီ လွှဲပြောင်းပေးထားရတဲ့ (၁၇.၇)ဧက အားလုံးပြန်လည်ရရှိရင် ပညာရေးအတွက် အကျိုးဖြစ်ထွန်းပါ ကြောင်းနှင့် ရရှိနိုင်ပါရန် လွှတ်တော်ကြီးက ကူညီစောင့်ရှောက်ပေးပါရန် တင်ပြအပ်ပါတယ်။

နောက် စတုတ္ထမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုင်းအုဏ်းခိုင် ရဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ နမ္မဝေါ ရပ်ကွက်ရှိ တပ်မတော်လက်ဖက်အချိုခြောက်စက်ရုံ မြေနေရာတွင်ပါဝင်သော အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း မြေနေရာကို ပညာရေးဝန်ကြီးဌာနပိုင်မြေအဖြစ် လွှဲပြောင်းသတ်မှတ်နိုင်ခြင်း ရှိ/မရှိ၊ ဒုတိယမေးခွန်းဖြစ်တဲ့ ၎င်းကျောင်းအား ကျောင်းပြုပြင်ထိန်းသိမ်းရေးစရိတ်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးရန်ပုံငွေ ချမှတ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီး ဦးမိုင်းအုဏ်းခိုင် ကိုလည်း ဒီလွှတ်တော်မစခင် ကျွန်တော်တွေ့ဆုံတင်ပြပြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ နမ္မဝေါရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းသည် ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ လက်ဖက်ခြောက် အချိုခြောက်စက်ရုံမိသားစုများ၏ ကလေးငယ်များနှင့် စက်ရုံရှိ ကလေးငယ်များ၏ အခြေခံပညာကို သင်ယူနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၁-၆-၁၉၈၆ ကနေ အမှတ်(၈)အခြေခံမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ ၈-၉-၁၉၈၇ ရက်နေ့တွင် အမှတ်(၃)အခြေခံမူလတန်းကျောင်းအဖြစ် အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါတယ်။ ဒီဖြစ်စဉ်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြချက်ထဲမှာ ပါ ပါတယ်။ ကိုယ်စားလှယ်ကြီး တင်ပြချက်မှန်ပါတယ်။ အဆိုပါ စက်ရုံနှင့် စက်ရုံပိုင်မြေ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းမြေ အပါအဝင် ယခင်အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ ၂၀-၁၀-၁၉၈၉ ရက်နေ့တွင် လွှဲပြောင်းပေးခဲ့ရပါတယ်။ ဒီအပေါ်မှာရှိတဲ့ (၄၃×၄၈)ပေ ကျောင်းဆောင်လေးကတော့ ဒေသခံပြည်သူတွေ ထည့်ဝင်ငွေဖြင့် ပျဉ်ခင်း၊ ပျဉ်ကာ နှစ်ထပ်ကျောင်းဆောင်အဖြစ် ဆောက်လုပ်ထားတဲ့အတွက် ၁-၆-၁၉၉၄ ရက်နေ့မှာ ကျောင်းဆောင်ကိုတော့ ပြန်လည်လွှဲအပ်ခဲ့ပြီး၊ ကျောင်းမြေကိုတော့ ယနေ့တိုင် လွှဲပြောင်းခဲ့ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်မေးမြန်းရာမှာ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းမြေသည် တပ်မတော်လက်ဖက်ခြောက် အချိုခြောက်စက်ရုံပိုင်မြေ (၂၃.၈၉)ဧကအနက် (၀.၇)ဧကအဖြစ် ကျောင်းမြေဟာ ပါဝင်ပါတယ်။ ဒီစက်ရုံမြေနဲ့ ကျောင်းမြေဟာလည်း ကားလမ်းခြားပြီး တစ်ဖက်တစ်ချက်စီဖြစ်ကြောင်း သိရှိရပါတယ်။ ဒါအတွက် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းမြေသည် တပ်မတော်လက်ဖက်ခြောက် အချိုခြောက်စက်ရုံပိုင် (၂၃.၈၉)ဧကအတွင်း ပါဝင်သော်လည်း ဒီကျောင်းမြေနေရာသည် စက်ရုံနှင့် ကားလမ်းခြားပြီးတည်ရှိခြင်း၊ ကျောင်းမြေပေါ်မှာလည်း စက်ရုံပိုင်အဆောက်အဦ တစ်စုံတစ်ရာမရှိခြင်းတို့အတွက် မြေနေရာကို လွှဲပြောင်းပေးဖို့ သူတို့ စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို ဖြေကြားတင်ပြရရင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့၊ နမ္မဝေါရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းမြေ (၀.၂၁)ဧကအား ကျောင်းမြေအမည်ပေါက် ရရှိရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းရရှိရေး ဆောင်ရွက်နေဆဲဖြစ်ပါကြောင်းနှင့် ကျောင်းမြေအမည်ပေါက် နိုင်ငံတော်ပိုင်အမည်ပေါက် ရရှိမှသာ ၎င်းကျောင်းဆောင်အား ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့အတွက် ရန်ပုံငွေ ချထား ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် သံထောင်ရွာများရှိ အခြေခံပညာအထက်ကျောင်းများတွင် ကျောင်းစာသင်ခန်းများ လုံလောက်မှုမရှိသည့်အတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးပါရန်နှင့် လက်ရှိတချို့စာသင်ခန်းတွဲများအား မွမ်းမံပေးပါရန် အစီအစဉ် ရှိ/မရှိ ဆမီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းခန်းမ၊ သိပ္ပံခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော် ဆက်လက်တင်ပြပါမယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ ဆမီးအခြေခံပညာအထက်တန်းကျောင်းတွင် လက်ရှိအားဖြင့် စုစုပေါင်း စာသင်ဆောင် (၅)ဆောင်၊ စာသင်ခန်း(၂၂)ခန်း ရှိပါတယ်။ အဆိုပါကျောင်းတွင် စာကြည့်တိုက်အဆောင် (၄၀x၃၀)ပေ၊ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်(၁)ဆောင်၊ နောက် အခုထပ်ပြီး သင်ရိုးအသစ်နဲ့ဆောင်ရွက်မယ့် KG ဆောင်အတွက် (၆၀ x ၃၀)ပေ တစ်ထပ်ဆောင် ထပ်မံဆောက်လုပ်ပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီဘဏ္ဍာငွေ ခွင့်ပြုချက်ရရှိရင်တော့ ကိုယ်စားလှယ်ကြီး လိုလားတဲ့ စာသင်ဆောင်နဲ့ KG ဆောင်တွေ တိုးချဲ့ဆောက်လုပ်နိုင်မှာဖြစ်ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ပလက်ဝမြို့နယ်၊ သံထောင်ရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် လက်ရှိအားဖြင့် စုစုပေါင်း စာသင်ဆောင်(၃)ဆောင်၊ စာသင်ခန်း(၁၁)ခန်းရှိပါတယ်။ ကျောင်းသူ ကျောင်းသားအားလုံးက (၅၀၄)ဦး ပညာသင်ကြားနေပါတယ်။ အဲဒီတော့ ဒီနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက်ကတော့ (၆၀x ၃၀)ပေ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် သိန်း(၂၁၀) ခွင့်ပြုဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒ့ါအပြင် ဒီကျောင်းမှာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖြစ်တဲ့ JICA က (၆၀x ၃၀)ပေ ကျောင်းဆောင်သစ် (၁)ဆောင် လှူဒါန်းခဲ့ပြီးလည်း ဖြစ်ပါတယ်။ လာမယ့်ဘဏ္ဍာရေးနှစ်အတွက် ခုနကျောင်းလိုပဲ စာကြည့်တိုက်(၁)ဆောင် (၄၀x ၃၀)ပေ သွပ်မိုး အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ သူငယ်တန်း KG ဆောင် (၆၀x ၃၀)ပေ တစ်ထပ်ဆောင်(၁)ဆောင်အတွက် လာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ လျာထား သတ်မှတ်ထားပြီးလည်း ဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိပါက ကိုယ်စားလှယ်တော်ကြီးလိုလားတဲ့ စာကြည့်တိုက်ဆောင်နှင့် KG ဆောင်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

အလွှတ်သဘောအားဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးကို ကျွန်တော် တင်ပြစရာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အဖွင့်မှာ ကျွန်တော်တင်ပြခဲ့သလိုပဲ ပညာရေးအတွက် လိုအပ်သော ဖြည့်ဆည်းမှု၊ ဆောင်ရွက်မှုအားလုံး ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်။ ဒီ တာဝန်ရှိမှုအားလုံးကို ဆောင်ရွက်နိုင်ရန် လိုက်ဖက်ညီထွေတဲ့ ဘတ်ဂျက်ငွေလိုအပ်ပါတယ်။ ယခုနှစ် ရွှေ့ပြေးလျာထားချက်အနေနဲ့ ကျွန်တော်တို့ လျာထားမှုသည် လေးပုံတစ်ပုံ ပြည့်မီခြင်း မရှိပါဘူး။ (၂၃)ရာခိုင်နှုန်းပဲ ရရှိနိုင်ဖို့အခြေအနေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများသည် ကျွန်တော်စောစောက တင်ပြခဲ့သလို မိမိတို့နယ်မြေအတွင်း ပြည်သူရဲ့လိုအပ်ချက်၊ ပညာရေးလိုအပ်ချက် ဒီဟာတွေကို စေ့စေ့စပ်စပ် လေ့လာပြီးမှ တင်ပြတဲ့အတွက် ကျွန်တော်တို့ ဘဏ္ဍာငွေ လေးပုံတစ်ပုံပဲ ရရှိစေကာမူ လွှတ်တော်ကြီးမှ ဆောင်ရွက်ရန် လမ်းညွှန်ထားချက်အားလုံးကို ကျွန်တော်တို့ တတ်အားသရွေ့တော့ ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်းနှင့် ဒါ ကျွန်တော်တို့ရဲ့ လက်ရှိ ဘဏ္ဍာရေးအခြေအနေကို ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိသာနိုင်ပါရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လမ်းညွှန်ချက်ကို ကျွန်တော်တို့ တတ်အားသရွေ့ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြရင်း ကျွန်တော်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထပ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အခုလို ဖြေကြားပေးတဲ့ဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော် ထပ်ဆင့်တစ်ခုလောက် မေးချင်ပါ

တယ်။ အ.ထ.က သံထောင်မှာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ (၆၀x၃၀)ပေ ဆိုတာက ဝက်ချောင်းဝ မူလတန်းကျောင်းကလူတွေ အဲဒီဒေသခံတွေက ကျွန်တော့်ကိုလာမှ ဖုန်းလှမ်းဆက်ပါတယ်။ ဝက်ချောင်းဝ အ.ထ.က ကျောင်းမှာပေးတဲ့ကျောင်းကို သံထောင်မှာ သူကပြောင်းဆောက်လုပ်နေတယ် ဆိုတဲ့ဟာ အဲဒါက ဝက်ချောင်းဝမှာ ပေးတဲ့ကျောင်းနဲ့ တခြားသံထောင်မှာပေးတဲ့ကျောင်းဟာ တခြားလားလို့ ဒါမှ မဟုတ် ဝက်ချောင်းဝ မူလတန်းကျောင်းအတွက် ပေးတဲ့ကျောင်းကို သံထောင် အ.ထ.က ကျောင်းမှာ ဆောက်နေသလားဆိုတာ သိချင်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော် ချင်းပြည်နယ် ပညာရေးမှူးနဲ့ ဆက်သွယ်ပြီး ဒီကိန်းဂဏန်းတွေ ရယူပါတယ်။ သူတို့ဖြေကြားချက်ကတော့ ကိုယ်စား လှယ်ကြီး မေးတဲ့ကျောင်းမှာ ဆောင်ရွက်ခဲ့ပါတယ်လို့ ကျွန်တော့်ကို ဖြေကြားခဲ့ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဦးမောင်မောင်အုန်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ဆက်စပ်မေးခွန်း လေး မေးခွင့်ပြုပါရန် ကျွန်တော် ဥက္ကဋ္ဌကြီးကို ခွင့်တောင်းပါတယ်။ လာရောက်ဖြေကြားတဲ့ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးအား အထူးကျေးဇူးတင်ပါတယ်။ ပညာရေးဌာနကပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ကျွန်တော်တို့နဲ့ထပ်တူ ပြည်သူနဲ့ထပ်တူ ခံစားချက်ကိုလည်း လေးစားပါတယ်။ ကျွန်တော် မေးချင်တဲ့ ပထမ မေးခွန်းကတော့ (Marga Landmark Development Co;)မတိုင်ခင် သုတေသနလုပ်ငန်း အတွက် ဂျပန်နိုင်ငံ ကာဂျီးမားကုမ္ပဏီ (KAJIMA) လုပ်တယ်ဆိုတာ အမှန်တကယ် လုပ်ခဲ့ပါတယ်။ ဒီ ကာဂျီးမားကုမ္ပဏီက ၂၀၁၅ ဇူလိုင်ကနေစပြီးတော့ ကျွန်တော် အရင်ပညာရေးဝန်ကြီး ဦးကိုကိုဦး လက်ထက်မှာ။

**ဥက္ကဋ္ဌ**။ ။ ခင်ဗျား ဘာမေးချင်သလဲ။ ခုမေးတာ ခင်ဗျားမေးခွန်းနဲ့ ဆိုင်တာတွေလား။

**ဦးမောင်မောင်အုန်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ဒါမှမဟုတ် ကာဂျီးမားကုမ္ပဏီက ဒါ အမှန်အကန်ဖြစ်တယ်ဆိုတာ ကျွန်တော်ပြောတာပါ။ အဲဒီတော့ ကာဂျီးမား ကုမ္ပဏီက ဒီ ပညာရေးဝန်ကြီး ဦးကိုကိုဦးနဲ့ သဘောတူညီပြီး လုပ်နေတဲ့အခါမှာ၊ လုပ်နေဆဲမှာ ဝန်ကြီး ဆုံးပါးသွားတဲ့အတွက် ကျွန်တော်တို့ ဒီနေရာကို ကျွန်တော်တို့ လူနေအိမ်ခြေအဖြစ် ပညာရေးဝန်ကြီး ဌာနကို ပြောင်းတာက မသင့်တော်ပါဘူး။ တကယ်တော့ ဒီဥစ္စာက ကျွန်တော်တို့ တပ်မတော်ပိုင်တဲ့ စစ်ရုံးကမြေ ဖြစ်တဲ့အတွက် တပ်မတော်ပိုင်မြေသာ လုပ်သင့်တယ်လို့ ကျွန်တော် ဒီမေးခွန်းကို ဝန်ကြီးကို မေးချင်ပါတယ်။ ဒါ လုပ်သင့်/မလုပ်သင့် ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ နောက်တစ်ခုက။

**ဥက္ကဋ္ဌ**။ ။အဆွေတော် ကိုယ်စားလှယ်ကြီး။ သူပြောတာ ရှင်းနေပြီ။ သူတို့က ပြန်လိုချင်တာကို ခင်ဗျားတို့ ကြိုးစားပေးပါလို့ ပြောထားတာ။ သူ့မေးခွန်းက ဘာမှ မရှင်းစရာ မရှိဘူး။ ကျွန်တော်တို့။ အဆိုမဟုတ်ဘူး။ ခင်ဗျား မေးခွန်း၊ မေးခွန်း။

**ဦးမောင်မောင်အုန်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ဟုတ်ပါတယ် ခင်ဗျာ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ ခင်ဗျားမေးခွန်းက မေးတာကို ဒီစီမံကိန်းတွေကို ခုန မာဃစီမံကိန်းကို အခြားမြို့နယ်တွေကို ရွှေ့ပြောင်းနိုင်ဖို့ အစီအစဉ် ရှိ/မရှိ ခင်ဗျားမေးထားတာ။

**ဦးမောင်မောင်အုန်း၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ဟုတ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုက ခု ဒီဆောက်နေတဲ့အခါမှာ EIA,SIA,HIA ဒါတွေရော ပတ်ဝန်းကျင်နဲ့ လုပ်သလား။ မလုပ်သလား ဆိုတာကို ။ ကျွန်တော်တို့။

**ဥက္ကဋ္ဌ။** ။မဟုတ်ဘူး။ အဲဒါ ကျွန်တော်ပြောတာ။ သူက ပညာရေးဝန်ကြီးဌာနကလေဗျာ။ ဒါ သူနဲ့ သက်ဆိုင်တာမေး။ သူ့မြေကြီးသူရှိလို့သာ သူလာဖြေတာကို၊ ဒါ ကျန်တာ သူနဲ့မှ မဆိုင်တဲ့ဟာကို။ ခင်ဗျားမေးလိုတဲ့ဟာပဲ မေးလိုက်ပေါ့။ သူ ရှင်းထားတာ။ သူပြောထားပြီးပြီ။ သူတောင် ပြန်လိုချင်နေတာ။ ခင်ဗျားတို့ ကြိုးစားပြီးပြောထားတာ။ ဒါထက်တော့ ရှင်းတာ မရှိတော့ဘူး။ ခင်ဗျား ခုန တစ်ခုချင်း လျှောက်မေးတာ။ ဒါကတော့ သူဘယ်လိုလုပ် ဖြေနိုင်မလဲ။ အဲဒါကြောင့် တော်ရုံတန်ရုံ ဆက်စပ်မေးခွန်းတွေ မဟုတ်တဲ့အတွက် မမေးပါနဲ့တော့။

**ဦးမောင်မောင်အုန်း၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ဟုတ်ကဲ့ခင်ဗျား။ ကျေးဇူးပါ။ ဟုတ်ကဲ့။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၄-၈-၂၀၁၆ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆို တင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက် ၂၉-၈-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသောပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၁၂-၂၀၁၆ ရက်

(သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၁း၀၉ နာရီအချိန်တွင် ရပ်နားပါသည်။]